# ကွန်ပျူတာတက္ကသိုလ်(သထုံ)

## ပထမနှစ်ကျောင်းသား၊ကျောင်းသူများအတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျင့်သုံးမည့်

## Credit System လမ်းညွှန်

## စာမေးပွဲစစ်ဆေးခြင်းနှင့် Grade Point Average (GPA) တွက်ချက်ခြင်း

၁။ ပညာသင်နှစ်တစ်ခုတွင် ပထမနှစ်ဝက် (First Semester) တွင်တစ်ကြိမ် ဒုတိယနှစ်ဝက် (Second Semester) တွင် တစ်ကြိမ် စုစုပေါင်းစာမေးပွဲ (၂)ကြိမ် ဖြေဆိုရမည် ဖြစ်ပါသည်။

၂။ ပထမနှစ်ဝက် (First Semister) စာမေးပွဲကို မတ်လနှင့် ဧပြီလဆန်းတွင်လည်းကောင်း၊ ဒုတိယနှစ်ဝက် ( Second Semester )စာမေးပွဲကို စက်တင်ဘာလတွင်လည်းကောင်း စစ်ဆေးမည် ဖြစ်ပါသည်။

၃။ ပထမနှစ်ဝက် ( First Semester ) စာမေးပွဲတွင် ဘာသာရပ်တစ်ခုခြင်းစီအလိုက် သတ်မှတ်ထားသော Grade Point Average (GPA) မပြည့်မီပါက နောက်ဆက်တွဲစာမေးပွဲကို မေလတွင် ကျင်းပပေးပြီး ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲစာမေးပွဲတွင်ပါ သတ်မှတ်ထားသော Grade Point Average (GPA) မပြည့်မီပါက စာမေးပွဲကျရှုံးမည်ဖြစ်ပြီး ဒုတိယနှစ်ဝက်ကို တက်ရောက်ခွင့် ရမည်မဟုတ်ပါ။

၄။ ဒုတိယနှစ်ဝက် (Second Semester ) စာမေးပွဲတွင်လည်း ဘာသာရပ်တစ်ခုခြင်းစီအလိုက် သတ်မှတ်ထားသော Grade Point Average (GPA) မပြည့်မီပါက နောက်ဆက်တွဲစာမေးပွဲကို နိုဝင်ဘာလတွင် ကျင်းပပေးပြီး ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲစာမေးပွဲတွင်ပါ သတ်မှတ်ထားသော Grade Point Average (GPA) မပြည့်မီပါက စာမေးပွဲကျရှုံးမည် ဖြစ်ပါသည်။

၅။ စာမေးပွဲအောင်စာရင်းတွင် သတ်မှတ် Grade Point Average (GPA) ကို Academic Credit Unit နှင့် ရမှတ်ပေါ်မူတည်၍ တွက်ချက်ထားသော Grade Score ပေါ်မူတည်၍ တွက်ချက်ပါသည်။